ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (8-6-2011) (၆၇၈၄)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်ကြစဉ်နှင့် သဘာပတိ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ အဖွင့်အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ပြည်သူ့လွှတ်တော်/ အမျိုးသားလွှတ်တော် ကော်မတီဝင်များ စာတမ်းဖတ်ကြားဆွေးနွေးပွဲ ကျင်းပ တက်ရောက်လာကြသူများက စာတမ်းများအပေါ် ပြန်လည်မေးမြန်း ဆွေးနွေး

နေပြည်တော် ဇွန် ၇

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ ဥပဒေဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံး ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသား လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ကော်မတီဝင်များ၊ တက္ကသိုလ်များမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများနှင့် ကထိကများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်အဝေးသင်တက္ကသိုလ်ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဒေါ်တင်မေထွန်းက Jurisdictional Immunities of State and Their Property in Myanmar စာတမ်းကိုလည်းကောင်း၊ မုံရွာတက္ကသိုလ်ဥပဒေပညာဌာနမှ ပါမောက္ခဒေါက်တာဒေါ်ခင်မူထွန်းက Transnational Organize Crime (Drug Trafficking) စာတမ်းကိုလည်းကောင်း၊ မန္တလေး အဝေးသင်တက္ကသိုလ် **စာမျက်နှာ ၃ ကော်လံ ၂ သို့**

ပြည်ထောင်စုတရားသူကြီးချုပ်အား ယူနီဆက်ရုံးမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဌာန အကြီးအကဲ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးအား ရန်ကုန်မြို့ရှိ ယူနီဆက်ရုံးမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဌာန အကြီးအကဲ Ms. Jeannette Wijnants နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ လာရောက်တွေ့ဆုံပြီး ကလေးသူငယ်တရားစီရင်ရေး၊ ကလေးသူငယ်အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ယူနီဆက်တို့၏ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဝိန်းဆိုင်ကျေးရွာအုပ်စုတွင် အောင်မြင်ဖြစ်ထွန်းနေသော ကော်ဖီပင်များကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကော်ဖီပင်အောင်မြင်ဖြစ်ထွန်း

လားရှိုး ဇွန် ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ စက်မှုသီးနှံကုန်ကြမ်းကော်ဖီစိုက်ပျိုးရေးကို နှစ်စဉ် စိုက်ဧကများ တိုးတက်စိုက်ပျိုးလာနေပြီဖြစ်ရာ လိုအပ်သော နည်းပညာပံ့ပိုးမှုများကို မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းဝန်ထမ်းများက ဖြည့်ဆည်း ဆောင်ရွက်ပေးမှုကြောင့် ကျောက်မဲမြို့နယ်ခွဲ မုန်းပေါ်ဒေသ ဝိန်းဆိုင်ကျေးရွာအုပ်စုရှိ ဒေသခံ ရှမ်း၊ ပလောင်၊ ကချင် တိုင်းရင်းသားခြံလုပ်ငန်းရှင်များ စိုက်ပျိုးထားသော ကော်ဖီပျိုးခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို သိရှိရသည်။ (၅၃၃)

ယနေ့ ပြည်တွင်း ပြည်ပ အားကစား သတင်းများ

အားကစားနည်းအလိုက် လစဉ် ပြိုင်ပွဲများ ကျင်းပသွားမည်

သတင်း စာမျက်နှာ (၁၀)

ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း ဗိုလ်စွဲ

သတင်း စာမျက်နှာ (၁၀)



ဘာစီလိုနာအသင်း အဲလစ် ဆန်ချက်ဇ် ခေါ်ယူလို

သတင်း စာမျက်နှာ (၁၀)

မြကြေးမုံ The Mirror

၈ - ၆ - ၂၀၁၁
(ဗုဒ္ဓဟူးနေ့)

အိမ်ထောင်စုစားဝတ်နေရေး စစ်တမ်းများမှသည်

အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း ၂၀၁၀ တွေ့ရှိချက်များဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၆ ရက်တွင် နေပြည်တော်၌ကျင်းပခဲ့သည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(ယူအန်ဒီပီ)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)နှင့် ဆွီဒင်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Sida) တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စစ်တမ်းတွေ့ရှိချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်။

မြန်မာနိုင်ငံ၌ UNDP နှင့် ပူးပေါင်း၍ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှု စစ်တမ်းကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်ကောက်ယူခဲ့သည်။ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အရေအတွက်တူ နမူနာအိမ်ထောင်စုများ၌ ဒုတိယအကြိမ်ကောက်ယူခဲ့ရာ ဆင်းရဲနွမ်းပါးမှု သိသာစွာလျော့ကျလာကြောင်း တွေ့ရသည်။ စစ်တမ်း စတင်ကောက်ယူစဉ်က ဆင်းရဲနွမ်းပါးမှုအခြေအနေ ၃၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းသို့ လျော့နည်းလာသည်ကို တွေ့ရသည်။

အထူးသဖြင့် အသားတင်ကျောင်းနေနှုန်း၊ အသက်ငါးနှစ်အောက်ကလေးသူငယ်များ ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနိုင်မှုအခြေအနေ၊ ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် ကလေးမွေးဖွားမှုအချိုးအစား၊ သန့်ရှင်းသည့်သောက်သုံးရေရရှိနိုင်မှုအခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်လာသည်။

နိုင်ငံတစ်နိုင်ငံတွင် အလုပ်လုပ်နိုင်သည့် လူဦးရေသည် အဆိုပါနိုင်ငံ၏ အလုပ်လုပ်နိုင်စွမ်းရှိသည့် လုပ်အားဖြစ်သည်။ တစ်နည်းအားဖြင့် ကုန်ထုတ်နိုင်မှုအား၊ စီးပွားရေးစွမ်းအားစုဖြစ်သည်။ နိုင်ငံရှိ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိရာ တိုင်းပြည်၏ အဓိကကုန်ထုတ်စွမ်းအားစုကြီးဖြစ်သည်။ အဆိုပါ ကုန်ထုတ်စွမ်းအားစုကြီး၏ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ တိုးတက်ကောင်းမွန်မှု၊ လူမှုဘဝမြင့်မားလာမှ တိုင်းပြည်၏ဂုဏ်သိက္ခာ မြင့်တက်လာမည်ဖြစ်သည်။

အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးရှိ မြို့နယ် ၁၁၆ မြို့နယ်မှ အိမ်ထောင်စုပေါင်းတစ်သောင်းရှစ်ထောင်ကျော်တွင် စတင်ကောက်ယူခဲ့ခြင်းဖြစ်သည်။ လူများစုဖြစ်သည့် တောင်သူလယ်သမားနှင့် အလုပ်သမားအခြေခံလူတန်းစားများ၏ အိမ်ထောင်စုများအခြေအနေကို သိရှိပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းကြရပေမည်။

အဆိုပါ စစ်တမ်းများမှ တွေ့ရှိချက်များသည် နိုင်ငံတော်အစိုးရသစ်က ဆက်လက်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အခြေခံအချက်အလက်အဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှု လျော့ကျနိုင်ရေး ဦးတည်ချက်နှင့်ကိုက်ညီလျက်ရှိသည်။ အိမ်ထောင်စုများ၏ လုပ်ငန်းခွင်သွင်းအားစု လိုအပ်ချက်များဖြည့်ဆည်းခြင်း၊ အစုအဖွဲ့ကုန်ထုတ်စွမ်းအားစုများ ထူထောင်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံလိုအပ်ချက်များ မြှင့်တင်ပေးခြင်းစသည့် လက်တွေ့လုပ်ငန်းစဉ်များဖြင့် ထိထိရောက်ရောက် လျင်လျင်မြန်မြန် ဖော်ဆောင်လုပ်ကိုင်သွားသင့်ကြောင်း သုံးသပ်မိပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၁၀ ၁။ နိုင်ငံတော်သီချင်း
- ၄း၁၅ ၂။ အဖွင့်သီချင်း
- ၄း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၀ ၆။ ရွှေဟောင်းသုတ
- ၅း၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၁)**
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၁။ **Mail Box**
- ၆း၃၅ ၁၂။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၂၈)
- ၇း၀၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ်(အပိုင်း-၂၉)**
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ အမျိုးသားရေးတေးကဗျာ
- ၁၆။ ဒို့တာဝန်အရေး(၃)ပါး
- ၁၇။ နိုင်ငံတကာသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ဒါတွေချည်းပဲကို (သက်ပိုင်၊ ဗေလုဝ၊ ငြိမ်းချမ်း၊ ဝက်မနှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
- ၂၀။ အိုင်စီတီသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၈)**
- ၂၃။ ကြယ်ကလေးတို့ရဲ့ဂီတ မိုးကောင်းကင်

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စွမ်းအင်ဝန်ကြီးဌာန မိုးရာသီ ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၇

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံးများ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးတက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများကလည်း သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များနှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေဧရိယာ ၂၂၅ ဧကအတွင်း သန့်ရှင်းသပ်ရပ် သာယာလှပ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၆ ခုနှစ်မှစတင်ကာ နှစ်ရှည်အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် ပန်းအလှပင်များ စုစုပေါင်း အပင်ရေ ၅၈၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ယနေ့ ၂၀၁၁ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ တမာ၊ ငုရွှေဝါ၊ အော်ရီရှား၊ စွယ်တော်၊ ကံ့ကော်၊ ကုက္ကို၊ စိန်ပန်းကြီး၊ ပန်းမဲဇလီ၊ မဲဇလီနှင့် အခြားအရိပ်ရ လေကာပင်မျိုးစုံ စုစုပေါင်း ၁၆၀၀ ကျော် စိုက်ပျိုးခဲ့ကြသဖြင့် စုစုပေါင်း အပင် ၅၉၆၀၀ ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ် မိုးရာသီ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။(စွမ်းအင်)

ပြည်တွင်း ကုန်တင်၊ ကုန်ချလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်သိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၇

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဇွန် ၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ချောင်းဝဌာနခွဲ၌ ပြည်တွင်း ကုန်တင်၊ ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဗဟိုပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဖုန်နယ်မြေမှူးများ၊ မြို့နယ်ဦးစီးအရာရှိများက ကုန်တင်၊ ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုံမြို့နယ် ပထမသီရိရိပ်သာနေ ကွယ်လွန်သူ ဖခင်ကြီး ဒေါက်တာဦးထွန်းရင် (၄)နှစ်ပြည့်နှင့် မိခင်ကြီး ဒေါ်အောင်အောင် (၁၄)နှစ်ပြည့် တို့အား ရည်စူး၍ ကျန်ရစ်သူ သား၊ သမီး၊ မြေးတစ်စုက ဘိုးဘွားများအတွက် ထာဝရဆွမ်း ပဒေသာပင်နှင့် အထွေထွေပဒေသာပင်၊ တစ်နေ့လုံးစာ အထူးအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း Water Resources Engineering Technical Division အဖွဲ့က ကြီးမှူး၍ တက္ကသိုလ်များ လှိုင်နယ်မြေ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ဇွန် ၁၁ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် "Drainage Works in Road and Highway" ခေါင်းစဉ်ဖြင့် ဦးတင်မောင် [(Deputy Director (Retd),Irrigation Department), (Consultant,Sanyu Co.,Ltd)] က ဟောပြောဆွေးနွေးမည်ဖြစ်၍ အသင်းဝင်များ၊ မျိုးဆက်သစ်အင်ဂျင်နီယာများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ် မကြာမီဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၇

ရန်ကုန်မြို့ကလေးဆေးရုံကြီး တိုးချဲ့ဆောင်သစ်ကို မကြာမီ ဖွင့်လှစ်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုးချဲ့ဆောင်သစ်သည် ပြည်ထောင်စုရိပ်သာလမ်း ခုတင်(၅၅၀)ဆံ့ ရန်ကုန်ကလေးဆေးရုံကြီး မျက်နှာချင်းဆိုင်ရှိ ယခင်ကျန်းမာရေးဝန်ကြီးဌာနရုံးဟောင်းကို ပြုပြင်မွမ်းမံပြင်ဆင်ထားခြင်းဖြစ်သည်။ အဆိုပါ တိုးချဲ့ဆောင်သစ် ပြီးစီးသွားပါက ရန်ကုန်မြို့ ကလေးဆေးရုံကြီးသည် ခုတင်(၇၅၀)ဆံ့ ဆေးရုံကြီးဖြစ်လာမည်ဖြစ်သည်။ (ကိုကြီးသာ)

ပြင်ဆင်ဖတ်ရှုပါရန်

၆-၆-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားသတင်း၏ စာမျက်နှာ(၃) တတိယကော်လံ၊ တတိယစာပိုဒ် စာကြောင်းရေ(၆)တွင် "နှစ်စဉ် ထွက်ရှိနိုင်သည့် သစ်ပမာဏထက် ပိုမထုတ်လုပ်ရန်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ခင်ပွန်း-ဗိုလ်မှူးမြင့်အား ရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ ဇနီး-ဒေါ်ခင်သန်းမြိုင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် အလှူငွေနှင့် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးကိုကိုကြီး လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၇

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ဇွန် ၄ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကို ကြည့်ရှုစစ်ဆေး သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သင်တန်းကျောင်းမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ကြသူများနှင့် တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ကျောင်းသားများအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုပစ္စည်းများကို လည်းကောင်း ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော် ခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ၏ ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံး၌ ရခိုင်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီဝင်များ၊ အဝေးပြေး အမြန်မော်တော်ယာဉ်အသင်း၊ ဒိုင်နာမော်တော်ယာဉ်အသင်းနှင့် သုံးဘီးဆိုင်ကယ်အသင်းတို့နှင့် တွေ့ဆုံ၍ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး၊ လမ်းခရီး အဆင်ပြေလုံခြုံချောမွေ့စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျ လိုက်နာကျင့်သုံးရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မုံရွာတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်မူထွန်း Transnational Organize Crime (Drug Trafficking) စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

❑ ရှေ့ဖုံးမှ

ဥပဒေပညာဌာနမှ ကထိက ဒေါ်ခင်မြဝင်းက Treaties and Third States စာတမ်းကို လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်သီတာဦးက The Rights of Buddhist Women in Myanmar in the Light of the Convention on the Elimination of All Forms of Discrimination against Women စာတမ်းကိုလည်းကောင်း၊ မကွေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်ညိုက Child Rights Under Myanmar Laws စာတမ်းကိုလည်းကောင်း၊ ပြည်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဖုန်းမြင့်ကြူက Inheritance Under Myanmar Customary Law စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

မေးမြန်းဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူများက စာတမ်းများအပေါ် ပြန်လည်မေးမြန်းဆွေးနွေးကြပြီး စာတမ်းဖတ်ကြားဆွေးနွေးပွဲ ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

မကွေးတက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်ညို Child Rights Under Myanmar Laws စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကမ်းရိုးတန်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၇

ယနေ့နံနက် ၉ နာရီခွဲထိ
မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကလေးဝမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မိုးကုတ်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ နမ့်စန်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၀၉ လက်မ၊ တကောင်းမြို့တွင် ၁ ဒသမ ၈၆ လက်မ၊ မုံရွာမြို့တွင် ၁ ဒသမ ၇၈ လက်မ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် ကျောက်ဖြူမြို့တွင် ၁ ဒသမ ၆၉ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပုသိမ်တက္ကသိုလ် သတ္တဗေဒဌာန ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရန်အတွက် ပုသိမ်မြို့နေ ဦးဖေသွင်လှ၊ ဦးခင်မောင်ညွန့်၊ ဆရာဦးသန်းထွန်းနှင့် ကျောင်းသားဟောင်းများက မေ ၂၂ ရက်တွင် ငွေကျပ် ၁၈ သိန်း မတည်လှူဒါန်းရာ ဒေါက်တာအောင်သန်းနှင့် ဆရာစောစတီဗင်တို့ လက်ခံစဉ်။ (၅၅၂)

ပြည်တွင်းအခွန် ကွန်ပျူတာနှင့် ရုံးလုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် ဇွန် ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီတွင် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်းက တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၇၅၀	၀. ၀၃၃၀၃
တရုတ် (ယွမ်)	၆. ၄၈၅၅၀	၀. ၁၅၄၁၉
အိန္ဒိယ (ရူပီး)	၄၄. ၆၇၅၀	၀. ၀၂၂၃၈
မလေးရှား (ရင်းဂစ်)	၃. ၀၀၆၀၀	၀. ၃၃၂၆၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၇၆၅	၀. ၈၁၄၅၇
ဂျပန် (ယန်း)	၈၀. ၁၇၄၂	၀. ၀၁၂၄၇
တောင်ကိုရီးယား(ဝမ်)	၁၀၈၁. ၅၆	၀. ၀၀၀၉၂
ယူရို	၀. ၆၈၂၁၄	၁. ၄၆၅၉၈
ဗြိတိသျှ (ပေါင်)	၀. ၆၀၈၁၉	၁. ၆၄၄၂၂

အင်တာနက်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၇

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ TOYO Battery ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇွန် ၁၁ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "ဉာဏ်ပညာပြည့်ဝသော ခေါင်းဆောင်မှု" "The Wise Leader" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွန်ပျူတာနှင့် ရုံးလုပ်ငန်း အခြေခံသင်တန်းဖွင့်

နေပြည်တော် ဇွန် ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းအမှတ်စဉ် (၂၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဦးစီးရုံးနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးကြည် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်မှ သင်တန်းသား ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

အီရန်ရေငုပ်သင်္ဘောများကို ပင်လယ်နီသို့ စေလွှတ်

တီဟီရန် ဇွန် ၇

အီရန်နိုင်ငံသည် ရေတပ်အင်အားကြီးမားမှုကို ထုတ်ဖော်ပြသသည့်အနေဖြင့် ယင်းနိုင်ငံမှ ဝေးကွာသော ပင်လယ်နီ နိုင်ငံတကာရေပိုင်နက်သို့ ရေငုပ်သင်္ဘောများကို စေလွှတ်လိုက်ကြောင်း ဖားစ်သတင်းဌာနက ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် ဒေသတွင်း၌ စစ်ရေးအင်အားကြီးမားသော နိုင်ငံအဖြစ်ရပ်တည်နိုင်ရန် ရေတပ်နှင့်လေတပ် စွမ်းပကားများကို မြှင့်တင်လျက်ရှိသည်။ အီရန်နိုင်ငံသည် ပြည်ပမှကျူးကျော်တိုက်ခိုက်လာနိုင်ဖွယ်ရှိမှုအတွက် ကာကွယ်ရေးအင်အား ခိုင်မာတောင့်တင်းစေရန် ပြင်ဆင်ထားကြောင်း သတင်းတွင်ဖော်ပြသည်။

သတင်းယူမည်

အီရန်ရေငုပ်သင်္ဘောများသည် နိုင်ငံတကာပင်လယ်ပြင်တွင် အခြားသောနိုင်ငံများမှ စစ်သင်္ဘောများဖြန့်ကြက်မှု အခြေအနေနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို စုဆောင်းရယူမည်ဖြစ်သည်။

အီရန်ရေငုပ်သင်္ဘောများသည် ပင်လယ်နီသို့ထွက်ခွာခြင်းမပြုမီ အေဒင်ပင်လယ်ကွေ့၌ ပင်လယ်ဓားပြတိုက်ဖျက်ရေးလုပ်ငန်း၌ ပါဝင်ဆောင်ရွက်မည့် စစ်သင်္ဘောများနှင့်အတူ ရှိနေမည်ဖြစ်သည်။

ပင်လယ်နီသို့ စေလွှတ်လိုက်သော အီရန်ရေငုပ်သင်္ဘောစင်းရေ မည်မျှရှိသည်ကိုမူ သတင်းဌာနက ဖော်ပြခြင်းမရှိပေ။

အင်တာနက်။

အီရန်ရေတပ်၏ ကီလိုကလပ်စ် အမျိုးအစား ရေငုပ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြေမြှုပ်မိုင်းဗုံးများအားလုံးကို နီပေါနိုင်ငံ၌ ရှင်းလင်းဖယ်ရှား

ခတ္တမန္ဒူ ဇွန် ၇

နီပေါနိုင်ငံ၌ ကွန်မြူနစ်သူပုန်ထမှုကာလအတွင်း အစိုးရတပ်ဖွဲ့က ထောင်ထားခဲ့သော မြေမြှုပ်မိုင်းဗုံးများအားလုံးကို ရှင်းလင်းဖယ်ရှားလိုက်ပြီဖြစ်ကြောင်း နီပေါအစိုးရအဖွဲ့က ဇွန် ၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

၂၀၀၆ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးသဘောတူညီချက်အရ မြေမြှုပ်မိုင်းဗုံးများကို ရှင်းလင်းဖယ်ရှားပေးလိုက်ခြင်းဖြစ်ကြောင်း နီပေါအစိုးရအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြသည်။

နေရာဒေသပေါင်း ၅၃နေရာရှိ မြေမြှုပ်မိုင်းဗုံး ၁၀၉၄၁ လုံးကို ရှင်းလင်းပေးခဲ့ကြောင်း၊ မြေမြှုပ်မိုင်းဗုံး ၁၀၇၈ လုံးကိုမူ ကုလသမဂ္ဂမိုင်းဗုံးရှင်းလင်းရေးလုပ်ရှားမှုအဖွဲ့၏ အကူအညီဖြင့် ရှင်းလင်းပေးခဲ့ကြောင်း နီပေါကြည်းတပ် ပြောရေးဆိုခွင့်ရှိသူ ရာမင်ဒရာချာဟီထရီက ပြောကြားသည်။

နီပေါကြည်းတပ်သည် ၂၀၀၇ ခုနှစ် အောက်တိုဘာလမှစတင်ကာ မိုင်းရှင်းလင်းရေးလုပ်ငန်းကို အကောင်အထည်ဖော်ခဲ့သည်။ နီပေါနိုင်ငံ၌ ဆယ်စုနှစ်တစ်စုကြာမျှ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ လူပေါင်း ၁၆၇၀၀ ခန့် သေဆုံးခဲ့ရသည်။

နီပေါနိုင်ငံ၌ ၂၀၀၈ခုနှစ်ကကျင်းပသော ရွေးကောက်ပွဲ၌ ကွန်မြူနစ်ဝါဒီများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယခုအခါ ကွန်မြူနစ်ပါတီသည် ပါလီမန်တွင် အကြီးဆုံးပါတီအဖြစ် ရပ်တည်လျက်ရှိသည်။ **အင်တာနက်။**

အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ်၌ တောမီးလောင်မှုပြင်းထန် အိုင်အိုဝါပြည်နယ်အထိတိုင် မီးခိုးမြူများပျံ့နှံ့ရောက်ရှိ

စပရင်ဂါဗီးလ် (အာရီဇိုးနား) ဇွန် ၇

အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ်အရှေ့ပိုင်းတောင်တန်းဒေသ၌ တောမီးလောင်ကျွမ်းမှု ဆိုးဆိုးရွားရွားဖြစ်ပွားလျက်ရှိရာ တတိယမြောက် အပန်းဖြေစခန်းမြို့တစ်မြို့မှ ဒေသခံပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း၊ တောမီးလောင်ကျွမ်းရာမှ ပေါ်ထွက်လာသော မီးခိုးမြူများသည် အဝေးဆုံး အိုင်အိုဝါပြည်နယ်အထိတိုင် လွင့်မျောရောက်ရှိလာကြောင်း အမေရိကန်သတင်းဌာနက ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တစ်နာရီလျှင် မိုင် ၆၀ အထက် လေပြင်းများတိုက်ခတ်မှုကြောင့် အပန်းဖြေစခန်းမြို့တစ်မြို့ဖြစ်သော ဂရီးမြို့သို့ မီးခိုးလုံးကြီးများ လွင့်မျောရောက်ရှိလာခဲ့သည်။ ယင်းမြို့ရှိ ဒေသခံပြည်သူ ၂၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ အီးဂါးမြို့နှင့် စပရင်ဂါဗီးလ်မြို့တို့၏ ဒေသခံပြည်သူ ၇၀၀၀ ကိုလည်း ရွှေ့ပြောင်းထွက်ခွာနိုင်ရေးအတွက် ပြင်ဆင်ထားကြရန် အာဏာပိုင်များက နှိုးဆော်ခဲ့ကြသည်။

လေပြင်းတိုက်ခတ်နေမှုကြောင့် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသော မီးသတ်တပ်ဖွဲ့ဝင် ၂၃၀၀ ခန့်မှာ အခက်အခဲများနှင့် တွေ့ကြုံခဲ့ရသည်။

အာရီဇိုးနားပြည်နယ်တွင် မေ ၃၀ ရက်မှစ၍ တောမီးလောင်ကျွမ်းခဲ့ပြီး ကိုးရက်မြောက်နေ့အထိ တောမီးကိုထိန်းချုပ်နိုင်စွမ်းမရှိသေးပေ။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၂၃၃၅၂၂ ဧက ပျက်စီးခဲ့ရသည်။ အာရီဇိုးနားပြည်နယ်သမိုင်းတွင် တတိယမြောက်အကြီးဆုံး တောမီးလောင်ကျွမ်းမှုဖြစ်သည်။

တောမီးလောင်ကျွမ်းသည့်ဒေသ၌ ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျင်ဘရူးဝါးက အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာထားသည်။ တောမီးဘေးအန္တရာယ်အတွက် လိုအပ်ပါက အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များကို ခေါ်ယူရန်စီစဉ်ထားသည်။

ထိုစဉ်အတွင်း အာရီဇိုးနားပြည်နယ် အရှေ့တောင်ပိုင်း၌လည်း တောမီးလောင်ကျွမ်းမှုတစ်ရပ် ဖြစ်ပေါ်လျက်ရှိရာ မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်က ငြိမ်းသတ်လျက်ရှိကြသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်ပြည်ထောင်စု အာရီဇိုးနားပြည်နယ် ဂရီးမြို့အနီး၌ တောမီးလောင်ကျွမ်းလျက်ရှိရာ မီးခိုးလုံးများ မြို့ပေါ်သို့ လွင့်မျောလာနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နယ်သာလန်တွင် နျူကလီးယားစွန့်ပစ်ပစ္စည်းတင်ရထားကို အစိမ်းရောင်ငြိမ်းချမ်းရေးအဖွဲ့က တားဆီးထား

သည်ဟိဂ် (နယ်သာလန်) ဇွန် ၇

နယ်သာလန်နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံမှ နျူကလီးယားစွန့်ပစ်ပစ္စည်းများကို တင်ဆောင်၍ ပြင်သစ်နိုင်ငံမှ ပြန်လည်သန့်စင်သည့်စက်ရုံတစ်ရုံသို့ ပို့ဆောင်မည့် ရထားတစ်စင်းအား ၎င်းတို့က ပိတ်ဆို့ထားကြောင်း အစိမ်းရောင်ငြိမ်းချမ်းရေးလှုပ်ရှားသူများက ပြောကြားသည်ဟု အင်္ဂါနေ့ အေပီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

ဘယ်လ်ဂျီယံနိုင်ငံကိုဖြတ်သန်း၍ ပြင်သစ်နိုင်ငံမြောက်ပိုင်း လာဟာဂွီးမြို့သို့ နယ်သာလန်နိုင်ငံတောင်ပိုင်း ဇီလန်းပြည်နယ် ဘော်ဆဲလ်လီး နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ စွန့်ပစ်ပစ္စည်းများကို ပို့ဆောင်ပေးမည့် ရထားမောင်းနှင်မည့် သံလမ်းပေါ်တွင် ထရပ်ကားတစ်စင်းကို ကန့်လန့်ရပ်ထားကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးက ပြောသည်။

၎င်းနျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို စီမံခန့်ခွဲလျက်ရှိသော အီပီဇက်ကုမ္ပဏီကမူ ယင်းကိစ္စရပ်နှင့်ပတ်သက်၍ မေးမြန်းခြင်းကို ချက်ချင်းတုံ့ပြန်ပြောဆိုခြင်းမပြုကြောင်း အေပီကဖော်ပြသည်။ **အေပီ။**

မူးယစ်ဆေးဝါးဂိုဏ်း၏ သံချပ်ကာထရပ်ကားများ မက္ကဆီကိုတပ်ဖွဲ့က ဖမ်းဆီးရမိ

မက္ကဆီကိုစီးတီး ဇွန် ၇

မက္ကဆီကိုနိုင်ငံတောင်ပိုင်း နယ်စပ်ပြည်နယ်တစ်ခုမှ အစိုးရတပ်ဖွဲ့များက မူးယစ်ဆေးဝါးဂိုဏ်းများ အချင်းချင်း တိုက်ခိုက်ကြရာတွင် အသုံးပြုသည့် သံချပ်ကာထရပ်ကားနှစ်စီးကို သိမ်းဆည်းရမိကြောင်း အာဏာပိုင်များက ဇွန် ၆ ရက်တွင် ထုတ်ဖော်ကြေညာခဲ့သည်။

မူးယစ်ဆေးဝါးဂိုဏ်းများ အသုံးပြုသည့် သံချပ်ကာထရပ်ကားကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တာမောလိုင်ပတ်(စ်)ပြည်နယ် ကာမာဂိုမြို့၌ မူးယစ်ဆေးဝါးဂိုဏ်း တစ်ဂိုဏ်းက အသုံးပြုသည့် သတ္တုအလုပ်ရုံတစ်ရုံကို ဇွန် ၅ ရက်က ဝင်ရောက်ရှာဖွေရာတွင် အဆိုပါကားနှစ်စီးကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ယင်းကားများမှာ ကားတစ်စီးလုံးကို တစ်လက်မထူသည့် သံမဏိပြားများဖြင့် ဂဟေဆော်ထားပြီး ကားပေါ်၌စက်သေနတ်တင်ဆုံလည်များ၊ သေနတ်ပစ်ရန်ခြောင်းကြည့်ပေါက်များလည်း တပ်ဆင်ထားသည်။

၎င်းအလုပ်ရုံ၌ အခြားထရပ်ကား ၂၅စီးကိုလည်းတွေ့ရပြီး အချို့မှာ တစ်စိတ်တစ်ပိုင်း ပြုပြင်ထားပြီးဖြစ်ကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြထားသည်။

ပြိုင်ဘက်များတိုက်ခိုက်လျက်ရှိ

မက္ကဆီကိုနိုင်ငံ၌ ပထမဆုံး သံချပ်ကာထရပ်ကားကို ယမန်နှစ်က တာမောလိုင်ပတ်(စ်)မြို့တွင် ပျက်စီးသည့်အနေအထားဖြင့် တွေ့ခဲ့ရသည်။ ယင်းနယ်မြေကို ထိန်းချုပ်နိုင်ရေးအတွက် ပြိုင်ဘက်မူးယစ်ဂိုဏ်းများဖြစ်ကြသည့် ဂလ်(ဖ်)နှင့် ဇီးတပ်တို့ တိုက်ခိုက်လျက်ရှိသည်။

ထိုသတ္တုအလုပ်ရုံကို ဝင်ရောက်စီးနင်းစဉ် တစ်စုံတစ်ဦးကိုမျှ ဖမ်းဆီးခြင်းမရှိခဲ့ကြောင်း၊ သို့သော်ပြည်နယ်အတွင်း အခြားတစ်နေရာ၌ ထိပ်တိုက်ရင်ဆိုင်လာသည့် မသင်္ကာဖွယ်ရာနှစ်ဦးကိုမူ တပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြောင်း စစ်ဘက်က ပြောသည်။ **အေပီ။**

ပင်လယ်ကြမ်းပြင်အောက် ဓာတ်သတ္တုများတူးဖော်မှု အဏ္ဏဝါဂေဟစနစ်များ ထိခိုက်ပျက်စီးနိုင်

ဆူးဗား(ဖီဂျီ) ဇွန် ၇

ပင်လယ်ရေနက်ပိုင်း ပင်လယ်ကြမ်းပြင်အောက်တွင် ဓာတ်သတ္တုများ တူးဖော်ထုတ်ယူမည့် အလားအလာများ ပေါ်ပေါက်နေခြင်းအတွက် မိမိတို့စိုးရိမ်ပူပန်မှုဖြစ်ကြရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ဇွန် ၇ ရက်တွင် ပြောကြားသည်။

ပင်လယ်ကြမ်းပြင်အောက်၌ အဖိုးတန် ဓာတ်သတ္တုများ တူးဖော်ထုတ်လုပ်မှုကြောင့် အဏ္ဏဝါဂေဟစနစ်များ ထိခိုက်ပျက်စီးနိုင်ကြောင်း ဖီဂျီကျွန်းနိုင်ငံတွင် ဇွန် ၆ ရက်က ကျင်းပသည့် အဏ္ဏဝါဂေဟစနစ်များထိန်းသိမ်းရေးဆိုင်ရာ နိုင်ငံတကာ ဆွေးနွေးပွဲတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများက ပြောကြားကြသည်။

ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ကြမ်းပြင်ဒေသ၌ ဓာတ်သတ္တုသယံဇာတများ တူးဖော်ထုတ်လုပ်ခွင့်ရရှိရေးအတွက် ကုမ္ပဏီအများအပြားက လိုင်စင်များရရှိနိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများသည် တရားဥပဒေမဲ့ ငါးဖမ်းဆီးခြင်း၊ ဆွဲပိုက်များအသုံးပြု၍ အမြောက်အမြားငါးဖမ်းဆီးခြင်းစသည့် လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးမှုများနှင့် တွေ့ကြုံနေရပြီးဖြစ်ကြောင်း၊ ယခုအခါ ပင်လယ်ကြမ်းပြင်အောက်ရှိ ဓာတ်သတ္တုများကို ရှာဖွေတူးဖော် ထုတ်ယူကြဦးမည်ဆိုပါက ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများ အဏ္ဏဝါဂေဟစနစ်များ ပိုမိုပျက်စီးလာနိုင်ကြောင်း ဆွေးနွေးပွဲတွင် ကိုယ်စားလှယ်များက ပြောကြားကြသည်။ **အင်တာနက်။**

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၁) ကျင်းပစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၇

ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၁) ကို ယမန်နေ့ နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သန်းတို့က ပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်အဆင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးစံလွင်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးထူးကိုကို၊ ရှမ်းပြည်နယ် အင်းတိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဒေသအလိုက် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တာဝန်ယူဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များနှင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး ဒုတိယသက်တမ်း ပြန်လည်အရွေးခံရေး တရားဝင်စည်းရုံးမှု ဘန်ကီမွန်းစတင်ပြုလုပ်

ကုလသမဂ္ဂ ဇွန် ၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ဇွန် ၆ ရက်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး ဒုတိယသက်တမ်းပြန်လည်ထမ်းဆောင်ခွင့်ရရေးအတွက် စည်းရုံးလှုံ့ဆော်မှုတစ်ရပ်ကို တရားဝင်ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက ထောက်ခံပါက မိမိအနေဖြင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးသက်တမ်းကို ဂုဏ်ယူစွာဖြင့် နောက်တစ်ကြိမ်ထမ်းဆောင်လိုပါကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဘန်ကီမွန်းက ယင်းကြေညာချက်ကို ကုလသမဂ္ဂဌာနချုပ်နှင့် ၎င်းနှင့်အာရှအုပ်စုဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ အစည်းအဝေးအပြီး ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မစ္စတာ ဘန်ကီမွန်းသည် ၎င်း၏ ကြေညာချက်ကို ကုလသမဂ္ဂ အထွေထွေညီလာခံကိုယ်စားလှယ် ၁၉၂ ဦးနှင့် အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဇွန်လအတွက် အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားရသည့် ဂါဘွန်နိုင်ငံ သံအမတ်ကြီးထံသို့လည်း ပေးပို့ခဲ့ကြောင်း၊ ၎င်း၏ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး ဒုတိယငါးနှစ်သက်တမ်း အမည်စာရင်းတင်သွင်းမှုကို ထောက်ခံခဲ့သည့် သံတမန်တစ်ဦးက ပြောဆိုသည်။

ဘန်ကီမွန်း၏ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးသက်တမ်းသည် ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်း၏ ရာထူးအတွက် ပြိုင်ဘက်အမည်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ အသက်(၆၆)နှစ်ရှိပြီဖြစ်သည့် ယခင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဘန်ကီမွန်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးအတွက် ၂၀၀၇ ခုနှစ်တွင် ကိုဖီအာနန်နှင့် ယှဉ်ပြိုင်ရာတွင် အနိုင်ရခဲ့သူဖြစ်သည်။ အင်တာနက်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း

မီးတောင်ပြာမှုန်များ ပျံ့လွင့်မှုကြောင့် အာဂျင်တီးနား၌ လေယာဉ်ခရီးစဉ် ၁၀၀ ကျော် ဖျက်သိမ်း

ချီလီနိုင်ငံအတွင်းရှိ ပူးယေးဝေး မီးတောင်ပေါက်ကွဲမှုကြောင့် ပြာမှုန်များ လွင့်ပျံ့လာ၍ အာဂျင်တီးနားနိုင်ငံ၏ လေကြောင်းခရီးစဉ်များ ဖျက်သိမ်းထားခဲ့ရပုံကို တွေ့ရစဉ်။

ဗျူနိုအေးရိစ် ဇွန် ၇

အိမ်နီးချင်း ချီလီနိုင်ငံရှိ ပူးယေးဝေး(Puyehue) မီးတောင်ပေါက်ကွဲရာမှ နိုင်ငံအတွင်းသို့ အလုံးအရင်းဖြင့် ပျံ့လွင့်လာသော မီးတောင်ပြာမှုန်များကြောင့် အာဂျင်တီးနားနိုင်ငံ၏ လေကြောင်းခရီးစဉ် ၁၀၀ ကျော်ကို လွန်ခဲ့သော ၂၄ နာရီအတွင်း က ဖျက်သိမ်းလိုက်ရသည်ဟု အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဇွန် ၅ ရက်က အာဂျင်တီးနားနှင့် ချီလီနိုင်ငံနယ်စပ် အနောက်ဘက်တွင် တည်ရှိသော အမြင့်မီတာ ၂၂၄၀ ရှိ အဆိုပါ မီးတောင်ပေါက်ကွဲမှုကြောင့် အာဂျင်တီးနားနိုင်ငံတောင်ပိုင်း ဗျူနိုအေးရိစ် ပြည်နယ်အတွင်းသို့ အမြင့်ခြောက်မိုင် (၁၀ ကီလိုမီတာ)ရှိသော ပြာမှုန်တိမ်တိုက်ကြီးကို မှုတ်ထုတ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါဒေသသည် မြို့တော်ဗျူနိုအေးရိစ်မှ မိုင် ၁၀၀ အကွာတွင် ရှိသည်။

တောင်ပိုင်း ဗျူနိုအေးရိစ်ပြည်နယ်၏ အဓိကမြို့တစ်မြို့ဖြစ်သည့် ဘာဟီရာဘလန်ကာမြို့လေဆိပ်ကို ဇွန် ၆ ရက် နံနက်ပိုင်းမှစ၍ လုံခြုံစိတ်ချမှု မရှိသည့်အတွက် ပိတ်ထားလိုက်ပြီး အနည်းဆုံး ဇွန် ၉ ရက်အထိ ဖွင့်လှစ်နိုင်ဦးမည်မဟုတ်ဟု အာဂျင်တီးနားမြို့ပြလေကြောင်း စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

အင်တာနက်။

တာလီဘန်အဖွဲ့မှ အဓိကတပ်မှူးတစ်ဦးအား အာဖဂန်ရဲအဖွဲ့က ရှင်းလင်းသုတ်သင်

ဟီရတ်(အာဖဂန်နစ္စတန်) ဇွန် ၇

ဇွန် ၇ ရက်က အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်ပြည်နယ်၌ အာဖဂန်ရဲတပ်ဖွဲ့က ဆင်နွှဲခဲ့သော စစ်ဆင်ရေးတစ်ရပ်၌ တာလီဘန်စစ်သွေးကြွအဖွဲ့မှ အဓိကတပ်မှူးတစ်ဦးကို ရှင်းလင်းသုတ်သင်နိုင်ခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဖဂန်ရဲတပ်ဖွဲ့က ဂါဇာရာ ခရိုင်အတွင်း ဇွန် ၇ ရက် နံနက်အစောပိုင်းတွင် အထူးစစ်ဆင်ရေးတစ်ရပ် ဆင်နွှဲခဲ့ရာ တာလီဘန်စစ်သွေးကြွအဖွဲ့မှ အဓိကတပ်မှူးတစ်ဦးဖြစ်သည့် မူလာဟာဘစ်မစ်ဟောကို သုတ်သင်နိုင်ခဲ့သည်ဟု ဂါဇာရာခရိုင်အုပ်ချုပ်ရေးမှူး နီဆာအာမက်ပုပယ်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

အဆိုပါစစ်ဆင်ရေးတွင် ရဲတပ်ဖွဲ့အကြီးအကဲသေဆုံးခဲ့ပြီး ဒဏ်ရာရသူသုံးဦးတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် တာလီဘန်တပ်မှူး၏ သက်တော်စောင့်တစ်ဦးတို့ ပါဝင်ကြသည်ဟု ဆိုသည်။

အင်တာနက်။

စာအုပ်စင်

သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၁၁)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၁) စာအုပ်ကို ထုတ်ဝေလိုက်သည်။

ဤစာအုပ်သည် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲ ဖြေဆိုကြမည့်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် မသိမဖြစ် သိရမည့်အချက်များကို စုစည်းဖော်ပြထားသည်။

ဤစာအုပ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များ၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်သည်။

သစ်နည်းပညာအခြေခံ

ဖိုးဆွေ(သစ်လုပ်ငန်း)၏ ၂၀၀၉ ခုနှစ် အမျိုးသားစာပေဆုရ သစ်နည်းပညာအခြေခံစာအုပ်ကို ဖြည့်စွက်ချက်များနှင့်အတူ ခုနစ်စဉ်စာပေက ဒုတိယအကြိမ်ထုတ်ဝေလိုက်သည်။

ဤစာအုပ်တွင် သစ်ပင်နှင့်လူသားတို့၏ အညမညသဘော၊ လူသားဟူ၍ စဖြစ်ကတည်းက သစ်ပင်ကို အမှီပြု၍ စားသောက်ရှင်သန်ခဲ့ရပုံ၊ တောင်ပေါ်မှ မြေပြန့်၊ လမုတောများအထိ သစ်ပင်များပေါက်ရောက်လျက် လူသားကို အကျိုးပြုခဲ့ပုံ၊ သစ်ပင်တစ်ပင်ကို နှစ် ၄၀၊ ၅၀မှ နှစ် ၁၀၀ ကျော်အထိ ထိန်းသိမ်းစောင့်ရှောက်ပြီးမှသာ သစ်အဖြစ်သုံးစွဲနိုင်သဖြင့် သဘာဝတန်ဖိုးကြီးမားလှပုံ၊ သစ်ပင်၏ကြီးထွားမှု၊ ရုပသွင်ပြင်၊ သိပ်သည်းမှု၊ ရုပ်ဂုဏ်သတ္တိ၊ သစ်တွင်ပါရှိသည့် ဓာတုပစ္စည်းများမှအစ သုတေသနပြုတင်ပြထားသည်။

အဆိုပါ စာအုပ်ကို ဒဂုံမြို့သစ် မြောက်ပိုင်း(၃၄)ရပ်ကွက် အမှတ်(၈၈၉) ပင်လုံလမ်း ခုနစ်စဉ်စာပေက ထုတ်ဝေပြီး မြန်မာ့သစ်လုပ်ငန်း ဖုန်း-၂၁၂၄၅၂၊ ခုနစ်စဉ်စာပေ ဖုန်း-၀၉-၅၁၈၇၀၈၈ တို့သို့ ဆက်သွယ်နိုင်သည်။

ဇွန်လထုတ် LOOK မဂ္ဂဇင်း

ဖက်ရှင်၊ အလှအပနှင့် ဈေးဝယ်ကဏ္ဍတို့ အထူးပါဝင်သည့် ဇွန်လထုတ် International LOOK မဂ္ဂဇင်းကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ မဂ္ဂဇင်းတွင် နှလုံးသားချင်းရင်းနှီးသူတို့ စကားဝိုင်းအဖြစ် အကယ်ဒမီလူမင်းနှင့် လူငယ်ပရိသတ်တို့တွေ့ဆုံမှု၊ မျက်လှည့်ပြဦးမည့် ဝိုင်းစုခိုင်သိန်း၊ ချစ်သူတွေ့လျှင်ပြောမည့် ဟိန်းဝေယံ စသော အနုပညာရှင်ကဏ္ဍများ၊ အမျိုးသမီးများ အလှအပနှင့် သွားကျန်းမာရေး၊ ဆံကေသာထုံးဖွဲ့မှု၊ အသားအရေ ဂရုစိုက်ထိန်းသိမ်းခြင်း အခြေခံလိုအပ်ချက်များ၊ အနောက်နိုင်ငံတွင် ရောက်နေသော်လည်း အမျိုးဘာသာ သာသနာ မမေ့သူ လူငယ်တစ်ဦး၏ ဂုဏ်ယူဖွယ် ကြိုးပမ်းမှု၊ ချမ်းသာသောသူကို ဘယ်လိုလက်ထပ်ရမလဲ စသည့် သုတ၊ ရသစာပေများ ကဏ္ဍစုံလင်စွာ ပါဝင်သည်။

မဂ္ဂဇင်းတန်ဖိုးမှာ ကျပ် ၃၀၀၀ ဖြစ်ပြီး Fujiyama Media အမှတ် (၇၂) အထက်တာဝတိံသာလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၂၀၃၇၅၊ ၀၉-၇၃၁-၇၉၄၀၆ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်သည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌများ လာအိုနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၇

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဇွန် ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံနိုင်ငံများ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ နှစ်ဝက်အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်မြင့်၊ ဒေါက်တာအောင်ကျော်မြတ်နှင့် ဗဟိုကော်မတီဝင် ဦးတင်မောင်ဝင်းတို့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြကြောင်း သိရသည်။

(ကြေးမုံ)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၇

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဟွမင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဟွမင် ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံ နယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ စည်းဝေး

နှစ်နိုင်ငံနယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးကို နေပြည်တော်ကောင်စီနယ်မြေရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဟွမင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် မြန်မာလေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိပြီး နှစ်နိုင်ငံနယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို နံနက် ၁၀ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမြင်ချင်းဖလှယ်

အစည်းအဝေးတွင် နှစ်နိုင်ငံ နယ်စပ်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးနှင့် ရဲတပ်ဖွဲ့ချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကျော်ကျော်ထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ကိုရီးယားမင်းသား ဘေယောင်ဂျွန်း၏ ဘဝအကြောင်း တစေ့တစောင်း

ယနေ့ ကိုရီးယားရုပ်ရှင်လောကနှင့် အာရှတစ်ဝန်းရှိ ကိုရီးယားရုပ်ရှင်ချစ်ပရိသတ်များကြားတွင် နာမည်ကျော်ရေပန်းစားနေသော မင်းသားတစ်ဦးမှာ ဘေယောင်ဂျွန်းဖြစ်သည်။ ကိုရီးယားမင်းသား အများအပြားရှိသည့်အနက် ထိပ်တန်းမင်းသားတစ်ဦးအဖြစ် ရပ်တည်နေသူ ဘေယောင်ဂျွန်းကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ၁၉၇၂ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် မွေးဖွားခဲ့သည်။ သူ့ရဲ့ပရိသတ်များက သူ့ကို အတိုကောက် BYJ ဟုလည်း ခေါ်ကြသည်။

ဘေယောင်ဂျွန်းသည် ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲအမြောက်အမြားတွင် ပါဝင်သရုပ်ဆောင်ထားပြီး ရုပ်ရှင်အနုပညာနယ်ပယ်တွင် ထူးချွန်ဆု အမျိုးမျိုး စုစုပေါင်း ၁၀ ခု ရရှိထားပြီးဖြစ်သည်။

ဘေယောင်ဂျွန်းသည် ရုပ်ရှင်အနုပညာလောကသို့ ၁၉၉၄ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ပထမဦးဆုံးရုပ်ရှင်ကားမှာ Ppilku ဖြစ်သည်။ ထိုနှစ်မှာပင် Salut D'Amour ဇာတ်ကားနှင့် ၁၉၉၅ ခုနှစ် တွင် Six Steps to Separation ဇာတ်ကားများကို ဆက်လက်ရိုက်ကူးခဲ့သည်။

ဘေယောင်ဂျွန်းသည် ၁၉၉၉ ခုနှစ်က Did We Really Love ? ဇာတ်ကားပြီးနောက် သရုပ်ဆောင် အနုပညာအလုပ်များကို ခေတ္တရပ်နားကာ ဆန်ကျောင်ကွမ်းတက္ကသိုလ်တွင် ရုပ်ရှင်အနုပညာဘာသာရပ်ကို အထူးပြုလေ့လာလိုက်စားခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် Hotelier ဇာတ်ကားဖြင့် အနုပညာလောကသို့ ပြန်လည်ဝင်ရောက်လာသည်။ ထိုအချိန်တွင် ဘေယောင်ဂျွန်းသည် စတိုင်လ်တစ်မျိုးပြောင်းကာ ဆံပင်ရှည်ရှည်ထားရန် ဆုံးဖြတ်ခဲ့သည်။ ၂၀၀၂ ခုနှစ်က Winter Sonata ဇာတ်ကားမှာ ဘေယောင်ဂျွန်း၏ အကောင်းဆုံးဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။ ယင်းဇာတ်ကားကို ဂျပန်လူမျိုးပရိသတ်များက အထူးနှစ်သက်သဘောကျခဲ့သည်။ ယင်းကဲ့သို့ ဂျပန်လူမျိုးများ၏ အားပေးမှုက

ယင်းဇာတ်ကားတွင် ဘေယောင်ဂျွန်းနှင့်အတူ အဓိက ပါဝင်သရုပ်ဆောင်ခဲ့သူ ကိုရီးယားမင်းသမီးချော ချိုဂျီဝူးတို့အတွက် ကိုရီးယားပြင်ပ ပြည်ပမှ ပရိသတ်များရရှိရန် နယ်ပယ်ချဲ့ထွင်မှု ခြေတစ်လှမ်းလည်း ဖြစ်ခဲ့သည်။

ဘေယောင်ဂျွန်း၏ အခြားနာမည်ကြီးသော ဇာတ်ကားများမှာ ၁၉၉၈ ခုနှစ်က The Barefooted Youth၊ ၂၀၀၃ ခုနှစ်က Untold Scandal၊ ၂၀၀၅ ခုနှစ်က April Snow ၊ ၂၀၀၇ ခုနှစ်က The Legend ဇာတ်ကားတို့ ဖြစ်ကြသည်။

အင်တာနက်။

အောဝမ်းစိုး

*** ပင်လယ်သမုဒ္ဒရာမှ**

အာကာသယာဉ်ပေါ်၌ တပ်ဆင်ထားရှိကာ ပင်လယ်ဆားငန်ရေ ပျော်ဝင်မှုနှုန်းကို အာကာသအတွင်းမှ တိုင်းယူမည်ဖြစ်သည်။

အဆိုပါဂြိုဟ်တုကို အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် အလယ်ပိုင်း ပင်လယ်ကမ်းရိုးတန်းရှိ ဗန်ဒင်ဘာ့ဂ် လေတပ် အခြေစိုက်စခန်းမှ ဇွန် ၉ ရက်တွင် ဒဲလ်တာ-၂ အမျိုးအစား အာကာသဒုံးပျံယာဉ်ဖြင့် လွှတ်တင်မည်ဖြစ်သည်။

ကမ္ဘာမြေပြင်အထက် ၄၀၈ မိုင်အကွာနေရာတွင် လှည့်ပတ်နေသည့် ဂြိုဟ်တုပေါ်ရှိ အာရုံခံကိရိယာများက ပင်လယ်ဆားငန်ရေပါဝင်မှုနှုန်း ပြောင်းလဲဖြစ်ပေါ်မှုများကို တိုင်းတာမှတ်သားပြီး အချက်အလက်များ ရယူသွားမည်ဖြစ်သည်။

သုံးနှစ်ကြာ လေ့လာရေးအစီအစဉ်တစ်ရပ်အရ ပင်လယ်ရေ၏ အငန်ဓာတ်ပါဝင်မှုနှုန်းကို တိုင်းတာပေးမည့် Aquarius အမည်ရှိ ကိရိယာသည် ပင်လယ်သမုဒ္ဒရာများက ထုတ်လွှတ်သော မိုက္ကရိုဝေ့ဗ်စွမ်းအင်ကို တိုင်းတာနိုင်သည်။

အမေရိကန်ဒေါ်လာ ၂၈၇ သန်းတန်ဖိုးရှိ အဆိုပါ ကိရိယာသည် ပင်လယ်သမုဒ္ဒရာများ၏ ဆားပျော်ဝင်မှုနှုန်း အပြောင်းအလဲများကို တိုင်းတာမှတ်သားပေးမည်ဖြစ်သည်။

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများနှင့် ကမ္ဘာ့လေထုလွှာအကြား အပြန်အလှန်ဆက်နွှယ်မှုရှိပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လေ့လာရာတွင် ပင်လယ်သမုဒ္ဒရာမျက်နှာပြင်၏ ဆားငန်ရေပျော်ဝင်မှု အပြောင်းအလဲဖြစ်စဉ်များက အရေးပါကြောင်း နာဆာက ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြသည်။

ကမ္ဘာ့မျက်နှာပြင်၏ လေးပုံသုံးပုံခန့်ကို ရေထုက လွှမ်းခြုံထားသည်။ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာ၏ ပင်လယ်ဆားပါဝင်မှုမှာ ၃ ဒသမ ၅ ရာခိုင်နှုန်းသာဖြစ်သော်လည်း ပင်လယ်မျက်နှာပြင်၏ ဆားပါဝင်မှုနှုန်းသည် ကမ္ဘာ့လေထုလွှာအပေါ် ကြီးစွာအကျိုးသက်ရောက်ကြောင်း သတင်းကြေညာချက်တွင် ဖော်ပြသည်။

အင်တာနက်။

ပြောင်းဆန်တင်ယာဉ်တိမ်းမှောက်

ကျောက်တံခါး ဇွန် ၇

မိတ္ထီလာမှ ပြောင်းဆန်များ တင်ဆောင်လာသော နီဆန်း ဒီဇယ်ခြောက်ဘီးကား အမှတ် ၁ခ/ ၈၉၅၅ သည် ဧပြီ ၅ ရက်တွင် မိုင်တိုင် အမှတ် (၁၁၇/၇)-သစ်တောရုံးရှေ့၌ အရှေ့ဘက်မှ မောင်းနှင်လာသောကားအား ရှောင်တိမ်းရာမှ လမ်းဘေးရှိ ကျောက်ပုံပေါ်ကျော်တက်ပြီး တိမ်းမှောက်သွားသည်။ **(ယာပုံ)** ကျောက်တံခါးရဲစခန်းမှ ပ-၄၅/၂၀၁၁ ပုဒ်မ ၂၇၉ ဖြင့် ယာဉ်မောင်း သန်းဇော်အား အရေးယူထားကြောင်း သိရသည်။ (၄၂၈)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်နှင့် ဗလာစာအုပ်များ လှူဒါန်း

ရန်ကုန် ဇွန် ၇

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) က ဦးဆောင်၍ ခရမ်းမြို့နယ်အတွင်းမှ ဆင်းရဲနွမ်းပါးကြသည့် ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းအပ်နှံရေးနှင့် မူလတန်းပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်နှင့် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရမ်းမြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်မိုရ်ဆွေ)တို့က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းဝတ်စုံ (ကျား/မ) အစုံ ၁၀၀၀၊ ကျောပိုးအိတ်အလုံး ၁၀၀၀ နှင့် ဗလာစာအုပ် ဒါဇင် ၁၇၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကျောင်းနေအရွယ် ကလေးငယ်များကိုယ်စား မြို့နယ်ပညာရေးမှူးနှင့် မူလတန်းကျောင်းအုပ်များက လက်ခံကြသည်။**(အပေါ်ယာပုံ)**

ယခု လှူဒါန်းသော ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်နှင့် ဗလာစာအုပ်တို့၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၄ သိန်း သုံးသောင်းတစ်ရာရှိပြီး ခရမ်းမြို့နယ်အသင်း(ရန်ကုန်)သည် ယခုနှစ်အတွင်း မွေးရပ်မြေမှ ကလေးငယ်များအား ပညာရည်ချွန်ဆုပေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးပေးခြင်း၊ စံပြကျောင်းဆုများပေးခြင်း စသည်ဖြင့် ပညာရေးဖွံ့ဖြိုးမှုအတွက် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၃၂ သိန်းရှိပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ် ကုလားကြီးစုကျေးရွာရှိ မူလတန်းကျောင်း အမှတ်(၈)နှင့် အမှတ်(၉)ရှိ ကျောင်းသား၊ ကျောင်းသူ ၃၅၀တို့အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ စုပေါင်း၍ ကျောင်းသုံးပစ္စည်းနှင့် စာအုပ်များကို ဇွန် ၁ ရက်က ကျောင်းများသို့ သွားရောက်လှူဒါန်းစဉ်။ (၃၂၉)

မေ ၂၇ ရက်က ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများ ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို မြို့နယ်ရုံး၌ ကျင်းပရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး ဝန်ထမ်းသားသမီးတစ်ဦးအား ပေးအပ်စဉ်။ (ကြေးမုံ)

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက်အတွင်း စေတနာရှင် အလှူရှင်များ၏ စာရေးကိရိယာနှင့် ပစ္စည်းများပေးအပ်ပွဲကို မေ ၃၁ ရက် ည ၇ နာရီက ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ အလှူရှင်များကိုယ်စား အောင်ဓမ္မာရုံဥက္ကဋ္ဌ ဦးဝင်းမောင်[ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)]က ကျောင်းသူတစ်ဦးအား စာရေးကိရိယာနှင့်ပစ္စည်းများ ပေးအပ်စဉ်။ (ကြေးမုံ)

မော်လမြိုင်ကျွန်း၌ ပညာသင်ထောက်ပံ့ကြေးပေး

မော်လမြိုင်ကျွန်း ဇွန် ၇

၂၀၁၁-၂၀၁၂ ပညာသင်နှစ် မော်လမြိုင်ကျွန်း မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အထက(၁) မဟာဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်**(ယာပုံ)**၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းပေါင်းစုံနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မရပ်ကွက်များမှ အလှူရှင်များက အလှူငွေ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများတန်ဖိုး ငွေကျပ် ၁၂ သိန်းကို မြို့နယ်ပညာရေးမှူး ဦးတင်မင်းထံ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ (၃၆၄)

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေး ဘာသာရပ်သင်တန်း ဖွင့်ပွဲနှင့် ပညာသင်စရိတ်ထောက်ပံ့

မကွေး ဇွန် ၇

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနဆိုင်ရာ ဘာသာရပ်သင်တန်း အမှတ်စဉ် (၂/၂၀၁၁)သင်တန်းဖွင့်ပွဲနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၆ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဒေါင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် ပညာသင်ကြားနေသော တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းသား၊သမီး ၁၆၉ ဦးတို့အား ပညာသင်စရိတ်၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ (တိုင်းဒေသကြီးပြန်/ဆက်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ဇွန် ၅ ရက်မှ ၉ ရက်အထိ ကျင်းပသည့် ASEAN+3 Youth inventors Expo 2011 သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်မြတ်စုမွန်နှင့် ဒေါ်ဇွန်ဖူးဝေတို့ ဇွန် ၄ ရက်ညနေက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မထွက်ခွာမီ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်ကြေွကြေွဇင်နှင့် အသင်းဝင် ဒေါ်ဂျူလိုင်သန်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (ကြေးမုံ)

သတင်းမှတ်စုတို

အတုယူဖွယ် တောင်တွင်းကြီးမြို့မှ ခြောက်ဘာသာဂုဏ်ထူးရှင်

သတင်းမှတ်စု-ဟသ်ာ (တောင်တွင်းကြီး)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ အထက(၁)မှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသူ မနှင်းရည်မြတ်နိုး၏ အားကျအတုယူဖွယ် ကြိုးစားလေ့ကျင့်မှုများကို တွေ့ဆုံမေးမြန်းခဲ့ရာတွင်. . .

"သမီးကတော့ စာတွေကို အချိန်ဇယားထားပြီး ကျက်ပါတယ်။ ဆရာရှင်းပြချိန်မှာ သေချာနားထောင်ပြီး ကျက်ချင်တဲ့ဘာသာရပ်ကို ယူကျက်တယ်။ အားနည်းတဲ့ဘာသာရပ်ကို ကျောင်းမှာ ဖြေရမယ့်စာတွေရှိနေရင် ဦးစားပေးကျက်ဖြစ်ပါတယ်။ နွေရာသီကတည်းက စာစီစာကုံး Letter, Essay တွေကို လေ့ကျင့်ဖြစ်ပါတယ်။ နားမလည်တာကို ဆရာ၊ ဆရာမကို ပြန်မေးပါတယ်။ အဓိကမေးခွန်းဟောင်းတွေကို လေ့ကျင့်တယ်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ မေးခွန်းဟောင်းတွေကို သင်ခန်းစာတစ်ခုပြီးတိုင်း လေ့ကျင့်ဖြစ်ပါတယ်။ ကျန်းမာရေးအနေနဲ့ကတော့ အိပ်ရေးဝအောင်အိပ်တယ်။ နံနက်ကို စောစောထပြီး အားကစားအနေနဲ့ ကြက်တောင်ရိုက်ဖြစ်ပါတယ်။ မြို့ထဲစက်ဘီးပတ်စီးတယ်။ တစ်ခါတလေ ကြိုးခုန်ဖြစ်ပါတယ်။ စာကိုတော့ နံနက် ၆ နာရီမှ ၈ နာရီအထိ ည ၇နာရီမှ ၁၂ နာရီအထိ ပုံမှန်ကျက်ဖြစ်ပါတယ်။ စာကျက်လို့ပင်ပန်းရင် ဂျာနယ်တွေ၊ သတင်းစာတွေဖတ်တယ်။ ခန္ဓာကိုယ်ကသေးနေတော့ အာဟာရပြည့်ဝစေမယ့် အစားအစာများနဲ့ ဆေးများကို ပုံမှန်စားသောက်ပါတယ်။ သမီးရဲ့ အသက်မွေးဝမ်းကျောင်းကိုတော့ ပထမဦးစားပေး ဆရာဝန်လိုင်းကို ရွေးချယ်ထားပါတယ်"ဟု ပြောပြသည်။

မနှင်းရည်မြတ်နိုးမှာ မူလတန်းမှ အထက်တန်းအထိ နှစ်စဉ် ပထမဆုရရှိကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။ ယနေ့အချိန်ကာလတွင် ကျူရှင်များကို အားမကိုးဘဲ မိမိကိုယ်တိုင် လုံ့လဝီရိယ၊ စည်းကမ်း၊ အချိန်များကို တန်ဖိုးရှိစွာ အသုံးချ၍ ပညာကို ကြိုးစားခဲ့သည့် မနှင်းရည်မြတ်နိုးလို ထူးချွန်သော သားကောင်း၊ သမီးကောင်းများ ဆက်လက်ပေါ်ထွန်းလာစေပါစေရန် ရေးသားတင်ပြလိုက်ပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၂၀	MRTV-4 သတင်း
၅း၃၀	"မရဏသတိ"တရားတော်
၆း၄၅	အံ့ဖွယ်ထူးခြားကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၈)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၆)**
၈း၅၀	ရှိခိုးဦးညွှတ်ဂါရဝတင်ချီ. . . ဆရာများ၏မေတ္တာဂုဏ်ရည်
၉း၀၅	လုံခြုံစိတ်ချလှပဂုဏ်ဆောင် စော်ဘွားလေးဗိုလ်ဗိုလ်မောင်
၉း၁၅	ရန်ကုန်မြင်ကွင်းကျယ်
၉း၃၀	အားကစားမြင်ကွင်းစုံ
၁၀း၀၅	Industrial Talk
၁၀း၃၅	ဓာတ်ပုံထဲမှအမှတ်တရများ
၁၁း၀၅	သူတို့ဓလေ့နှင့်သူတို့အစဉ်အလာ
၁၁း၂၅	ရွှေပြည်သာမြို့နယ် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	မဟာလောကဥသျှောင် ကျောက်တော်ကြီးစေတီတော် ထီးတော်တင်လှူပွဲ
၁၂း၃၀	စားချင်စဖွယ်နည်းအသွယ်သွယ်
၁း၀၀	"မရဏသတိ" တရားတော်
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း
၃း၁၀	ရန်ကုန်မြင်ကွင်းကျယ်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၈)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၈၆)**
၄း၅၅	"ဒို့ဘဝဆေးကျောင်း မမေ့စကောင်း"စာပေမိတ်ဆက်
၅း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၄၅	Activities In The City
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ်
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၉)**
၇း၂၀	Cartoon Show Time
၈း၀၀	MRTV-4 သတင်း
၈း၃၀	သင်ကြားရေးလမ်းညွှန်
၈း၅၅	Celebrity Style
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၇)**
၁၀း၂၀	နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
၁၀း၅၀	ဖြည့်စွက်အလှူ. . . ကုသိုယ်ယူမြွေအံတော်စေတီမှ မြတ်သောအလှူ
၁၁း၀၅	World of Knowledge
၁၁း၅၅	ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင်
၁၂း၀၀	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၁၂း၁၅	အရိုးအကြောအဆစ်များပြန်လည်သန်စွမ်းစေမည်နှင်းဆီ
၁၂း၃၅	လှပချစ်စရာလက်မှုအနုပညာ
၁း၀၅	3 D ကဲ့ကော
၁း၂၀	Shooting Location
၁း၄၀	သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၁း၄၅	မြန်မာ့လက်မှုယွန်းအနုပညာ
၂း၁၀	စုပေါင်းဆင်နွှဲမန္တလာမြေရဲ့ ခြင်းပွဲ
၂း၃၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ
၂း၄၀	အတုအပကင်းစေဖို့ 3D Hologram သုံးကြစို့
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	လီဆူးသဘာဝရိုးရာအလှ
၄း၃၀	တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ
၄း၄၅	တောင်စွန်းမြို့ဦးပရဟိတ လူငယ်စောင့်ရှောက်ရေးဌာန
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အကြိမ်(၂၀)မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးရုံးမှ ဝန်ထမ်းများနှင့် ခရိုင်(၄)ခုမှ ဝန်ထမ်းများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လာဘ်ပေးလာဘ်ယူကင်းစင်ရေး၊ စီမံခန့်ခွဲမှုကောင်းစေရေးနှင့် ဝန်ထမ်းများ နေထိုင်ရန်အတွက် စနစ်တကျနေရာချထားပေးရေး၊ ငွေကြေးသုံးစွဲမှု စနစ်ကျမှန်ကန်စေရေး၊ ပစ္စည်းထားသိုမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲမှုမှန်ကန်စေရေး၊ အင်ဂျင်နီယာအတတ်ပညာများ ကျွမ်းကျင်မှုဖြင့် လုပ်ငန်းလုပ်ဆောင်မှုများ မှန်ကန်စေရေးတို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကျင်းပ အာဆီယံပြတင်းတစ်ပေါက်စနစ်ကို အမျိုးသားပြတင်းတစ်ပေါက်စနစ်မှတစ်ဆင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာအသုံးပြုပြီး အကောင်အထည်ဖော်လျက်ရှိ

နေပြည်တော် ဇွန် ၇

အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ဆောက်မှု ပြီးမြောက်အောင်မြင်စေရန် အကောက်ခွန်ဌာနများသည် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ကုန်ပစ္စည်းများ လွတ်လပ်စွာ စီးဆင်းမှုလုပ်ငန်းစဉ်များ ပေါင်းစည်းရေးတွင် အဓိကကဏ္ဍမှ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အကောက်ခွန်ဌာနများ၏ အခန်းကဏ္ဍသည် ကုန်ပစ္စည်းတင်သွင်းတင်ပို့မှုများကို ထိန်းကျောင်းခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် အခွန်ကောက်ခံမှုကို ခိုင်မာသေချာစေခြင်း၊ တရားဝင်ကုန်သွယ်ရေး လွယ်ကူချောမွေ့စေရန် ဆောင်ရွက်နေစဉ်အတွင်း နိုင်ငံတော်၏ မူဝါဒ၊ ဥပဒေများနှင့်အညီ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များစီစဉ်ခြင်း၊ တရားမဝင်တင်သွင်းတင်ပို့မှုများကို တိုက်ဖျက်ခြင်း၊ နယ်စပ်ဒေသ လုံခြုံရေးကိစ္စရပ်များကို အကောင်အထည်ဖော်ခြင်း စသည်တို့ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ အမရဟိုတယ်၌ ကျင်းပသည့် အကြိမ်(၂၀)မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့အပြင် အာဆီယံအကောက်ခွန် အဖွဲ့အစည်းများ အဆိုပြုထားသည့် အာဆီယံ ပြတင်းတစ်ပေါက်စနစ်ကို အမျိုးသား ပြတင်းတစ်ပေါက်စနစ်မှ တစ်ဆင့် အကောင်အထည်ဖော်ခြင်းသည် အာဆီယံနိုင်ငံများ၏ အရေးကြီးသည့် ကတိကဝတ်များအနက် တစ်ခုဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သည့် အမျိုးသား ပြတင်းတစ်ပေါက်စနစ် ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံ ပြတင်းတစ်ပေါက်စနစ်ကို အမျိုးသားပြတင်းတစ်ပေါက်စနစ်မှတစ်ဆင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အသုံးပြုပြီး အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အကြိမ်(၂၀)မြောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အာဆီယံ ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အာဆီယံ အကောက်ခွန်ဆိုင်ရာ သဘောတူညီချက် ပြင်ဆင်မှုအတွက် အပြီးသတ်ဆောင်ရွက်မှု၊ အာဆီယံ ဖြတ်သန်းစနစ် အခြေပြု စာချုပ်နှင့် ၎င်း၏ နည်းပညာနောက်ဆက်တွဲများ ရေးဆွဲမှု၊ အာဆီယံ-တရုတ် နားလည်မှုစာချွန်လွှာနှင့် အကောက်ခွန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၀၅-၂၀၁၀) ပြန်လည်သုံးသပ်မှုများသည် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ၏ အဓိက အောင်မြင်မှုများဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ၏ သဘာပတိ အကောက်ခွန်ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကို၊ သဘာပတိဟောင်း ထိုင်းနိုင်ငံ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Prasong Poontaneat နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Mr. Subsh Bose Pillai တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အာဆီယံအကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ပြည်ထောင်စုဝန်ကြီးက ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ အာဆီယံနိုင်ငံများမှ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ အကောက်ခွန်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့မှ ကိုယ်စားလှယ်များ၊ အာရှ-ပစိဖိတ် အမြန်သယ်ယူပို့ဆောင်ရေး ညီလာခံအဖွဲ့မှ ကိုယ်စားလှယ်များနှင့် အာဆီယံ- အမေရိကန် စီးပွားရေးကောင်စီမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များက အာဆီယံ စီးပွားရေး ပေါင်းစည်းခြင်းဆိုင်ရာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသော ကိုယ်စားလှယ်များက (၁၅)ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ အာဆီယံအကောက်ခွန် လုပ်ငန်းအဖွဲ့များ၏ အစီရင်ခံစာများကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ဆွေးနွေးဖက်နိုင်ငံများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ကျင်းပမည့် အစည်းအဝေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးခြင်းများကို လည်းကောင်း၊ အာဆီယံနိုင်ငံများသို့ နည်းပညာအကူအညီ ပံ့ပိုးပေးခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ အကြိမ်(၂၀)မြောက် အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးကို ယနေ့မှစ၍ ဇွန် ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံ စီးပွားရေး အသိုက်အဝန်း (ASEAN ECONOMIC COMMUNITY) တည်ဆောက်မှုအတွက် အကောက်ခွန် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာစီမံချက်၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေခြင်းနှင့် အာဆီယံ ပြတင်းတစ်ပေါက်စနစ် တို့အတွက် အကောက်ခွန် ဆောင်ရွက်ချက်များ၊ တိုးတက်မှုများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်တရားသူကြီးများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၇

မန္တလေးတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ် တရားသူကြီးများနှင့် တွေ့ဆုံပွဲကို ဇွန် ၄ ရက် နံနက် ၉ နာရီတွင် တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် **(ယာပုံ)** တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး တရားသူကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်များမှ တရားသူကြီးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၈-၆-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

[၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ (အဖိတ်နေ့)]

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ မျိုးမြိုးကြွကြွယဉ်ကျေးမှုအက
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ "ပြန်လည်တည်ဆောက်ပြုစုပျိုးထောင်လျက်ရှိသော ရောဝတီမြစ်ဝကျွန်းပေါ် ဒေသရှိ ဒီရေတောများ"
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ အဆိုပြိုင်ပွဲ
၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၀ ၄။ တေးဂီတအစီအစဉ်
၄:၃၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ်(စီးပွားရေးပညာ အထူးပြု)(စီးပွားရေးပညာ)
၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၇။ သီချင်းကြီးပဒေသာ
၅:၀၀ ၈။ တေးသရုပ်ဖော်အစီအစဉ်
၅:၁၀ ၉။ "နတ်လူသာစုခေါ် စေသော်"
၅:၃၅ ၁၀။ International Science News
၅:၄၅ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆:၃၅ ၁၅။ ရွှေရင်ခုန်သံ
၇:၀၀ ၁၆။ "ပန်းချီဆရာကြီးဦးလွန်းကြွယ်၏ သူ့ဘဝနှင့်သူ့လက်ရာ"
၇:၁၀ ၁၇။ အလင်္ကာကျော်စွာမြို့မငြိမ်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဂုဏ်ပြုတေးအစီအစဉ်
၇:၄၅ ၁၈။ "မိုးလရာသီရောက်ခဲ့ပြီ မြေဆီစိုခိုက်သစ်ပင်စိုက်"
၈:၀၀ ၁၉။ ပြည်တွင်းသတင်း
၂၀။ နိုင်ငံတကာသတင်းများ
၂၁။ မိုးလေဝသအခြေအနေ
၂၂။ "ပျော်ရွှင်ရင်ခုန်ပြကွက်စုံ"
၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၆၅)**
၂၄။ **မြန်မာဗီဒီယိုဇာတ်လမ်း "တိမ်ကိုစားတဲ့လမင်း" (ရန်အောင်၊ ဟိန်းဝေယံ၊ ခင်ဇာခြည်ကျော်၊ နန်းဆုရတီစိုး) (ဒါရိုက်တာ-ဒေါန)**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ဦးစီးဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနအောက်မှ ဦးစီးဌာနရုံးများ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ဇွန် ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားမှတ်တမ်းများ၊ မော်ကွန်းတိုက်ဦးစီးဌာနသို့ ရောက်ရှိပြီး မော်ကွန်းခန်းများ၊ စက်မှုခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် ရန်ကင်းမြို့နယ် ကံဘဲ့ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ် စီမံကိန်းဦးစီးမှူးများနှင့် တွေ့ဆုံကာ စီမံကိန်းရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားဆွေးနွေးသည်။

ယင်းနောက် မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်ရှိ ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၌ ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စပါးစိုက်ပျိုးဧကနှင့် စပါးအထွက်နှုန်းများ မြေပြင်စာရင်းအမှန် ကောက်ယူအတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ယနေ့ခေတ်၌ ဇီဝနည်းပညာ (Bio Technology) နှင့် Nano Technology နည်းပညာများ အသုံးပြုပြီး ကမ္ဘာ့လူသားတို့၏ စားနပ်ရိက္ခာလုံခြုံမှု(Food Security)အတွက် နိုင်ငံအားလုံးက ကြိုးပမ်းဆောင်ရွက်နေသည့်ကာလတွင် မိမိတို့နိုင်ငံအနေဖြင့် ခေတ်နောက်ကျ ကျန်မနေဘဲ နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်အောင်နှင့် ပြည်သူများ၏ စားနပ်ရိက္ခာလုံခြုံမှု၊ ဖူလုံပိုလျှံမှုရှိအောင် အထူးအထွက်တိုး မျိုးစေ့များကို သုတေသနပြုစိုက်ပျိုးထုတ်လုပ်ပြီး တောင်သူများလက်ဝယ်သို့ စိုက်ပျိုးနိုင်သည့်အဆင့် ရောက်ရှိအောင် မဖြစ်မနေ ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် (Good Agriculture practice) များကို အသုံးပြုနိုင်ရေးအတွက် တောင်သူလယ်သမားများအား စိုက်ပျိုးရေးပညာရှင်များ၊ ဝန်ထမ်းများအပါအဝင်ဒေသအာဏာပိုင်များ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများက စံပြစိုက်ပျိုးရေးပညာပေး စိုက်ကွင်းများ ထူထောင်စိုက်ပျိုး ပြသသွားကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲမှု (Water Management) အပါအဝင် သဘာဝမြေသြဇာ၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး အချိန်ကိုက် အချိုးအစားမှန်ကန်စွာ အသုံးပြုနိုင်ရေးကိုလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

မျိုးစေ့၊ လုပ်အား၊ သွင်းအားစု သုံးစွဲမှုအပါအဝင် အလေအလွင့် လျော့နည်းစေရန်နှင့် ရိတ်သိမ်းပြီး သီးနှံများ အမိုးအကာအောက် အချိန်မီရောက်ရှိနိုင်ရေး၊ ရောင်းချချိန်ထိ အလေအလွင့်ဆုံးရှုံးမှု လျော့နည်းစေရေးတို့အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ နှီးဆော်ကြိုးကြပ်မှု အားကောင်းကောင်းဖြင့် ဆောင်ရွက်ပေးခြင်းတို့ကို အဆင့်ဆင့် လုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း။

မိမိတို့ ဝန်ကြီးဌာန၏ ပင်မအဓိကတာဝန်ကြီး (၃)ရပ်ဖြစ်သည့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ပေးရေး (Seed Production)၊ လေ့ကျင့်ပညာပေးရေး (Training and Education)၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို စဉ်ဆက်မပြတ် သုတေသနပြုပြီး တိုးတက်အောင် ဆောင်ရွက်ပေးရေး (Research and Development) စသည့် တာဝန်များကို မိမိတို့ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး ပညာရှင်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများက လယ်ယာလုပ်ငန်းနှင့် စိုက်ကွင်းများအရောက် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နေကြရာ လယ်သမားများကလည်း နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်လာကြရေးအတွက် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးအထူးပြု ကုမ္ပဏီများအနေဖြင့် စိတ်ဆန္ဒပြင်းပြစွာ လက်တွေ့ပူးပေါင်းပါဝင် လုပ်ဆောင်ပေးကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက မှာကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က နေပြည်တော်ကောင်စီ နယ်မြေအတွင်း လယ်ယာကုန်ထုတ်အသင်းစုများ ဖွဲ့စည်းရေးလုပ်ငန်းအကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ဆွေးနွေးပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းသန်းနှင့်ဦးခင်ဇော်တို့က အဓိကသီးနှံများကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ကျင့်သုံးခြင်းဖြင့် သီးနှံများ အရည်အသွေးနှင့် အထွက်နှုန်း တိုးတက်ကောင်းမွန်ရေး၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ရေးနှင့် စိုက်ပျိုးရေး စီမံခန့်ခွဲမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက နေပြည်တော်ကောင်စီ နယ်မြေအတွင်း စပါးသီးနှံ စိုက်ဧကကိန်းဂဏန်းများ မှန်ကန်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များက ကဏ္ဍအလိုက်လည်းကောင်း ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ တောင်သူပညာပေး မွေးမြူရေးနှင့်စိုက်ပျိုးရေးပေါင်းစည်း လယ်ယာစိုက်ကွင်း၌ ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုနှင့် သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် စိုက်ပျိုးထားရှိသော စပါးသီးနှံနှင့် စက်မှုကုန်ကြမ်းကြံသီးနှံစံပြစိုက်ခင်းများသို့ သွားရောက်ကွင်းဆင်းလေ့လာကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၇

ဝါဏိဇ္ဇတွဲ့ရများအသင်း(မြန်မာနိုင်ငံ)မှ ကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခဦးမော်သန်းက Basic Financial Instruments ခေါင်းစဉ်ဖြင့် ဇွန် ၁၂ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီအထိ အလုပ်ရုံဆွေးနွေးပွဲကို အသင်းတိုက်တည်ရှိရာ အမှတ်(၃၇/ ၄၁)၊ လမ်း(၅၀)အောက် ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း-၂၉၁၆၆၇၊ ၀၉-၇၃၀၈၀၂၆၉ နှင့် ၀၉-၅၄၀၇၅၅၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲရောင်းချပွဲအတွက် ခင်းကျင်းထားရှိမှု ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၇

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ယမန်နေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲအတွက် ကျောက်စိမ်း၊ ကျောက်မျက်များ စနစ်တကျ ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ယူတည်ဆောက်လျက်ရှိသော နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ ကျောက်စိမ်းသိုလှောင်ရုံများ တည်ဆောက်ရေးစီမံကိန်း၌ ကျောက်စိမ်းသိုလှောင်ရုံများ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်ပြီးစီးသည့် ကျောက်စိမ်းသိုလှောင်ရုံများ၌ ကျောက်စိမ်းများ စနစ်တကျ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမဝင်းအတွင်း ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲအတွက် ကျောက်စိမ်း၊ ကျောက်မျက်များ စနစ်တကျ ခင်းကျင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်း

နေပြည်တော် ဇွန် ၇

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် အလှူရှင် အကယ်ဒမီ ခန့်စည်သူ၊ မိုးယံဇွန်၊ ညီနန္ဒ၊ ကျော်ကျော်ဗို၊ ဆန်းထွဋ်၊ ချောရတနာ၊ ခင်လေးနွယ်၊ ချစ်စနိုးဦး၊ နန်းဆုရတီစိုး၊ ခိုင်နှင်းဝေနှင့် ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များ၊ R ဇာနည်၊ ဖိုးကာ၊ ရတနာ (No)နှင့် ဂီတအနုပညာရှင်မိသားစုများက ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ သုတရသ စာအုပ်စာစောင်မျိုးစုံ ၈၀၀၀ နှင့် အလှူငွေကျပ် ၆၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက လက်ခံ၍ ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ ပေးအပ်လှူဒါန်းသော အလှူငွေနှင့် စာအုပ်စာစောင်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပေးပို့ လှူဒါန်းပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင်အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များက ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်စာစောင်မျိုးစုံနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များက လက်ခံစဉ်။

(သတင်းစဉ်)

မြိတ်မြို့၌ စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်

မြိတ် ဇွန် ၇

မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု အထူးဆိပ်ကျေးရွာ၌ နိုင်ငံတော်မတည်ငွေနှင့် ပြည်သူလူထု ထည့်ဝင်ငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် သုတပန်းခင်း စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ သုတပန်းခင်း စာကြည့်တိုက်အဆောက်အအုံသစ်အား မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလင်းနှင့် မြိတ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ်ပြန်/ဆက်)

ပြည်တွင်း အားကစားသတင်းများ

ပြည်တွင်း အားကစားသတင်းများ

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် စားပွဲတင် တင်းနစ်အဖွဲ့ချုပ်တို့မှ အားကစားသမားများ၏ လေ့ကျင့်ယှဉ်ပြိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အားကစားနည်းအလိုက် လစဉ် ပြိုင်ပွဲများကျင်းပသွားမည် လအလိုက် အကောင်းဆုံးအားကစားသမားဆုများ ထိုက်တန်စွာ ချီးမြှင့်မည်

နေပြည်တော် ဇွန် ၇

မိမိတို့ရည်မှန်းသည့် အောင်နိုင်ဆုများရရှိစေရန် သက်လုံစွမ်းရည် ပိုမိုတိုးတက်အောင် ကြိုးစားကြရန်၊ စည်းကမ်းရှိမှတိုးတက်မည်ဆိုသည့် ဆောင်ပုဒ်အတိုင်း အုပ်ချုပ်သူနှင့် နည်းပြများ၏ဆုံးမစကားများကို တစ်သဝေမတိမ်း နားထောင်ကြ၍ လေ့ကျင့်ချိန်စည်းကမ်း၊ အဆောင်နေစည်းကမ်းများကို လိုက်နာလေ့ကျင့် နေထိုင်သွားကြရန်နှင့် လာမည့်ဇူလိုင်လမှစ၍ အားကစားအဖွဲ့ချုပ်တစ်ခုချင်းစီတွင် မိမိတို့ အားကစားနည်းအလိုက် လစဉ်ပြိုင်ပွဲများကျင်းပကာ လအလိုက် အကောင်းဆုံး အားကစားသမားဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် ကြိုးကြိုးစားစား လေ့ကျင့်ယှဉ်ပြိုင်သွားကြရန်လိုကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသော (၂၆)ကြိမ် မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် စားပွဲတင် တင်းနစ်အဖွဲ့ချုပ်တို့မှ အားကစားသမားများ၏ လေ့ကျင့်ယှဉ်ပြိုင်မှု အခြေအနေများကို ကြည့်ရှု စစ်ဆေးစဉ် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပဏာမလက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများက အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများဖြင့် လည်းကောင်း၊ ပဏာမလက်ရွေးစင် စားပွဲတင်တင်းနစ် အားကစားသမားများက အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲနှင့် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲများ၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲများဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုဝန်ကြီးက ပွဲစဉ်တစ်ခုချင်းအလိုက် လိုအပ်ချက်များကိုမှာကြားပြီး အားကစားအဖွဲ့ချုပ် နှစ်ခုတို့မှ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီးများနှင့် အားကစားသမားများအား ထောက်ပံ့ငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးအသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇွန် ၇

၂၀၁၁ ခုနှစ် (၁၂)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းအား ငွေသားဆု ငွေကျပ် သုံးသိန်းကို အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးတင်ဝင်းကလည်းကောင်း၊ ဒုတိယဆုရ မကွေးတိုင်းဒေသကြီးအသင်းအား ငွေသားဆု ငွေကျပ်ခြောက်သိန်းနှင့် ဆုတံဆိပ်များကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်အောင်က လည်းကောင်း၊ ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းအား ငွေသားဆု ငွေကျပ်၁၀သိန်းနှင့် ဆုတံဆိပ်များကို မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အကောင်းဆုံး ဂိုးသမားဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၁) ဖုန်းထက်အောင်၊ အကောင်းဆုံးနောက်တန်းဆုရ မကွေးတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ်(၃) ဝင်းမောင်သိန်းတို့အား တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ခင်ကလည်းကောင်း၊ အကောင်းဆုံးအလယ်တန်းဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကျောနံပါတ် (၈) ဖြိုးထွန်း၊ အကောင်းဆုံးရှေ့တန်းဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ကျောနံပါတ်(၁၁) အာကာမင်းတို့အား တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာမြင့်သိန်းက လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကျောနံပါတ် (၇) ချစ်လှအောင်နှင့် အသန့်ရှင်းဆုံးအသင်းဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းတို့အား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ**(အောက်ပုံ)**က ၂၀၁၁ ခုနှစ် (၁၂)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ကရာတေးဒိုလက်ရွေးစင်များ လေ့ကျင့်လျက်ရှိ

ရန်ကုန် ဇွန် ၇

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပဏာမ ကရာတေးဒိုအားကစားသမားများအား ရွေးချယ်ပြီး ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒိုလေ့ကျင့်ရေးခန်းမ၌ လေ့ကျင့်ပေးလျက်ရှိသည်။

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် ပဏာမ မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမား ၂၈ဦးအား နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၀ နာရီအထိ တစ်ကြိမ်၊ ညနေ ၅ နာရီမှ ၆ နာရီအထိ တစ်ကြိမ် တစ်နေ့နှစ်ကြိမ် ပြင်းပြင်းထန်ထန် လေ့ကျင့်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

မြန်မာ့လက်ရွေးစင် ကရာတေးဒိုအားကစားသမားများ အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများတွင် ကရာတေးဒိုအားကစားပြိုင်ပွဲ ဒိုင်လူကြီးဥပဒေများနှင့် ပြိုင်ပွဲစည်းမျဉ်းဥပဒေများကို သိရှိနားလည်စေရန်၊ မြန်မာကရာတေးဒိုဒိုင်လူကြီးများအား အရည်အချင်းမြှင့်တင်ရန်နှင့် ထူးချွန်သော ကရာတေးဒိုဒိုင်လူကြီးများ ပေါ်ထွက်လာစေရန် ကရာတေးဒို ဒိုင်လူကြီးသင်တန်းကိုလည်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစားသတင်းများ

နိုင်ငံတကာ အားကစားသတင်းများ

မန်ယူအသင်း ဟာနန်ဒက်ဇ်ကို လစာတိုးမြှင့်၍ စာချုပ်သစ်ချုပ်ဆိုမည်

မန်ချက်စတာ ဇွန် ၇

မန်ယူအသင်းသည် ၎င်းတို့၏ တိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို လုပ်ခလစာ သုံးဆတိုးမြှင့်ပြီး စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်နေကြောင်း သိရသည်။ မန်ယူအနေဖြင့် ထိုသို့ စီစဉ်နေရခြင်းမှာ ဟာနန်ဒက်ဇ်အား စပိန်ထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်က စိတ်ဝင်စားနေသည့် အရိပ်လက္ခဏာများပြလာခြင်းကြောင့် ဖြစ်သည်။

အသက်(၂၃)နှစ်ရှိ မက္ကဆီကိုသားလေး ဟာနန်ဒက်ဇ်သည် မန်ယူနှင့် လေးနှစ်သက်တမ်းရှိ စာချုပ် ချုပ်ဆိုထားပြီး တစ်ပတ် လုပ်ခလစာ ပေါင် ၂၅၀၀၀ သာ ရရှိနေသည်။ သို့သော် လက်ရှိအချိန်တွင် မန်ယူက ၎င်းကို လက်ရှိလစာထက် သုံးဆပိုပေးကာ တစ်ပတ်လုပ်ခလစာ ပေါင် ၇၅၀၀၀ ဖြင့် နောက်ထပ် စာချုပ်သစ် ထပ်မံချုပ်ဆိုမည်ဖြစ်သည်။ ၎င်းသည် မန်ယူအသင်းအတွက် ပထမရာသီမှာပင် ဂိုးပေါင်း ၂၀ သွင်းပေးနိုင်ခဲ့သည်။

ဟာနန်ဒက်ဇ်သည် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီက မန်ယူအတွက် ခြေစွမ်းပြဂိုးသွင်းယူနိုင်သည်သာမက လက်ရှိကျင်းပလျက်ရှိနေသည့် ကွန်ကာကပ်ဖ်ရွှေဖလားပြိုင်ပွဲတွင်လည်း အယ်လ်ဆာဗေးဒိုးနှင့် ကစားသည့်ပွဲတွင် မိခင်နိုင်ငံ မက္ကဆီကိုအတွက် ဟက်ထရစ် သွင်းယူနိုင်ခဲ့သည်။

မန်ယူက ဆက်ထိန်းထားလိုနေသည့် ဟာနန်ဒက်ဇ်။

မန်ယူအသင်း၏နည်းပြ ဖာဂူဆန်သည် အသင်းရှိ လူငယ်ကစားသမားများကို ဆက်ထိန်းထားနိုင်ရန် ဆန္ဒရှိနေသကဲ့သို့ နောက်ထပ်လည်း လူငယ်ခြေတက်များကို ခေါ်ယူရန် ပြင်ဆင်လျက်ရှိနေသည်။ ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် ဖာဂူဆန်ခေါ်ယူရန် အဓိက ပစ်မှတ်ထားနေသည့် ကစားသမားများမှာ ဗီလာအသင်းမှ အင်္ဂလန်တောင်ပံကစားသမား အက်ရှ်လေယန်းနှင့် အဲဗာတန်ကွင်းလယ်ကစားသမား ဂျက်ရော့ဝဲလ်တို့ ဖြစ်သည်။

မန်ယူအသင်းသည် အသက်(၂၅)နှစ်ရှိ အက်ရှ်လေယန်းကို ပေါင်သန်း ၂၀ ပေး၍ ခေါ်ယူရန် အလွတ်သဘောတူညီမှုရရှိထားပြီဟုဆိုသည်။ ထို့ပြင် ဂျက်ရော့ဝဲလ်အတွက် ပေါင် ၂၅ သန်းနှင့် ဗီလာအသင်းမှ အသက်(၂၀)နှစ်ရှိ စီယာရင်ကလက်ခ်ကို ပေါင်ခုနစ်သန်းပေး၍ ခေါ်ယူရန် ပြင်ဆင်နေသည်ဟု သတင်းများတွင် ဖော်ပြထားသည်။

***The Sun*။**

ဟန်သစ်

ဟက်ဒင့်၏ဆန္ဒအရ ရှနိုက်ဒါကိုခေါ်ယူရန် ချယ်လ်ဆီးပြင်ဆင်

လန်ဒန် ဇွန် ၇

ချယ်လ်ဆီးအသင်းသည် လာမည့် ၂၀၁၁-၂၀၁၂ ဘောလုံးရာသီအတွက် ကစားသမားသစ်များ ခေါ်ယူရန် ပြင်ဆင်နေပြီး လက်ရှိအချိန်တွင် စတမ်းဖို့ဒ်ဘရစ်ချ်သို့ နည်းပြဘဝဖြင့် တစ်ကျော့ပြန်ရောက်လာဖွယ်ရှိနေသည့် ဂူဟက်ဒင့်၏ဆန္ဒအရ အင်တာမီလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါကို ခေါ်ယူရန် ပြင်ဆင်နေပြီဟု သိရသည်။

ချယ်လ်ဆီးအသင်းသည် အင်တာမီလန်အသင်း၏ Playmaker ဖြစ်သည့် ရှနိုက်ဒါကို ပေါင်သန်း ၃၀ ဝန်းကျင် ပေးရဖွယ် ရှိနေသည့်အပြင် လုပ်ခလစာမှာလည်း တစ်ပတ်ပေါင်နှစ်သိန်းနီးပါး ပေးရဖွယ်ရှိနေသည်။ အသက်(၂၇)နှစ်ရှိ ရှနိုက်ဒါသည် အင်တာမီလန်အသင်းမှ ထွက်ခွာရန် သဘောသလောက်ရှိနေခြင်းကြောင့် လာမည့်ရာသီတွင် ၎င်းကို ခြင်္သေ့ပြာ တစ်ကောင်အဖြစ်ဖြင့် စတမ်းဖို့ဒ်ဘရစ်ချ်တွင် မြင်တွေ့ရဖွယ်ရှိနေသည်။

***ESPN*။**

အင်တာမီလန်အသင်း၏ ကွင်းလယ်ဖန်တီးရှင် ရှနိုက်ဒါ။



ဘာစီလိုနာအသင်း အဲလစ်ဆန်ချက်ဇ်ကို ခေါ်ယူလို

ဘာစီလိုနာ ဇွန် ၇

ဥရောပ အကောင်းဆုံးအသင်းဟု သတ်မှတ်ခြင်းခံထားရသည့် ဘာစီလိုနာအသင်းသည် တိုက်စစ်ပိုင်းတွင် မက်ဆီ၊



ပက်ဒရို၊ ဒေးဗစ်ဗီလာနှင့် လူငယ်တိုက်စစ်မှူးများဖြစ်သည့် ဘိုဂျန်ကာကစ်၊ အဖယ်လ်လေစသည့် ကစားသမားများရှိနေသော်လည်း အူဒီးနိစ်ကစားသမား အဲလစ်ဆန်ချက်ဇ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု သိရသည်။

အသက်(၂၂)နှစ်ရှိ အဲလစ်ဆန်ချက်ဇ်သည် ပြီးခဲ့သည့်ရာသီက အီတလီစီးရီးအေတွင် ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်စ်အပြင် ပရီမီယာလိဂ်ကလပ်များဖြစ်သည့် မန်ယူနှင့်မန်စီးတီးအသင်းများ၏ စိတ်ဝင်စားခြင်းကိုလည်းခံနေရသူဖြစ်သည်။ သို့သော် ဘာစီလိုနာအသင်းသည် အာဆင်နယ်မှ ဖာဘရီဂက်စ်ကို ခေါ်ယူနိုင်မည်ဆိုပါက အဲလစ်ဆန်ချက်ဇ်ကို လက်လွှတ်ဖွယ်ရှိနေသည်။ ESPN။

အသင်းကြီးများ၏ စိတ်ဝင်စားခြင်းကိုခံနေရသည့် အဲလစ်ဆန်ချက်ဇ်။

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၁ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၁ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၀)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၁ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၁ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဝန်ကြီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း စပါးစိုက်ပျိုးကေနှင့် စပါးအထွက်နှုန်းများ မြေပြင်စာရင်း အမှန်ကောက်ယူအတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူများ၏ စားနပ်ရိက္ခာ လုံခြုံမှု၊ ဖူလုံပိုလျှံမှုရှိအောင် အထူးအထွက်တိုး မျိုးစေ့များကို သုတေသနပြု စိုက်ပျိုးထုတ်လုပ်ပြီး တောင်သူများလက်ဝယ်သို့ စိုက်ပျိုးနိုင်သည့်အဆင့်ရောက်ရှိအောင် ကြိုးပမ်း

နေပြည်တော် ဇွန် ၇

ကျေးလက်နေပြည်သူများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် အခြေခံလူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှုကာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းစဉ်များအပေါ် ယခုအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို လက်ငင်းနှင့် ရေတို ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ အခြေခံရမည့် စိုက်ဧကများ မှန်ကန်ရေးနှင့် သီးနှံအလိုက် တစ်ဧကအထွက်နှုန်းများ မှန်ကန်ရေးတို့အတွက် စာရင်းဇယားများ ကောက်ယူမှတ်တမ်းတင်ရာတွင် စနစ်တကျ ပြည့်စုံရန် လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်၏ ရှေ့ပြေးလုပ်ငန်းအဖြစ် နေပြည်တော်ကောင်စီနယ်မြေအတွင်း စပါးသီးနှံ၏ ကိန်းဂဏန်းဆိုင်ရာများကို ယခုမိုးရာသီတွင် စနစ်တကျ ကောက်ယူမှတ်တမ်းတင်နိုင်ရေးအတွက် လက်တွေ့လုပ်နည်းအပိုင်းကို အကောင်အထည်ဖော်နိုင်ရန် မြို့နယ်အဆင့် တာဝန်ရှိသူများအပါအဝင် ကျေးရွာအဆင့်အထိ တစ်ပြေးညီ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကိန်းဂဏန်းများမှန်ကန်စွာ ကောက်ယူနိုင်ရန် ပါဝင်ဆောင်ရွက်စေလိုကြောင်းဖြင့် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမဆောင်၌ ကျင်းပသည့် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၇-၆-၂၀၁၁)

ကလေးဝ	၃ ဒသမ ၀၇ လက်မ
မိုးကုတ်	၂ ဒသမ ၆၄ လက်မ
နမ့်စန်	၂ ဒသမ ၂၄ လက်မ
မြိတ်	၂ ဒသမ ၀၉ လက်မ
တကောင်း	၁ ဒသမ ၈၆ လက်မ

အင်တာနက်အဏ္ဏဝါသိပ္ပံသတင်း

ဘာသာပြန် - စံစံ

ပင်လယ်သမုဒ္ဒရာ မျက်နှာပြင်၏ ဆားဓာတ်ပါဝင်မှု အာကာသအတွင်းမှ တိုင်းတာကာ လေ့လာသွားမည်

ပါဆာဒီးနား(ကာလီဖိုးနီးယား) ဇွန် ၇

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများ၏ မျက်နှာပြင်၌ ဆားဓာတ်ပါဝင်မှုနှုန်းကို အာကာသအတွင်းမှ တိုင်းတာကာ လေ့လာမှုများပြုလုပ်သွားရန် နိုင်ငံတကာသိပ္ပံပညာရှင်များ ပြင်ဆင်လျက်ရှိကြသည်။

အမေရိကန်အာကာသအေဂျင်စီ(နာဆာ)က တည်ဆောက်ထားသော အာရုံခံကိရိယာများကို အာဂျင်တီးနားနိုင်ငံက တည်ဆောက်ခဲ့သော ဂြိုဟ်တု **စာမျက်နှာ ၆ ကော်လံ ၄ သို့ ✳**

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာ၏ ဆားဓာတ်ပါဝင်မှုနှုန်းအား တိုင်းတာပေးမည့် ကိရိယာကို နာဆာသိပ္ပံပညာရှင်များ တပ်ဆင်လျက်ရှိကြစဉ်။